ဏောဘဝ၌ ပြုကျင့်ရမည့် တာဝန်များကို ဆက်လက်သင်ပြပါဦး။

---

## လေ့ကျင့်ခဏ်း မေးခွန်း

က။ ဆယ်ပါးသီလကို ပါဠိလိုသက်သက် ရေတွက်ပြပါ။

[“ပါဏာတိပါတာ ဝေရမဏီ”စသည်ဖြင့် ရေတွက်ပါစေ။]

ခ။ ဆယ်ပါးသီလတွင် “ဝိကာလဘောဇနာ ဝေရမဏီ” အထိ ၆-ပါးကို မြန်မာလိုသက်သက် ပြောပြပါ။

ဂ။ နစ္စ, ဂီတ, ဝါဒိတ ၃-မျိုးကို မြန်မာလို ပြောပြပါ။

ဃ။ ဝိသူကဒဿနကို မြန်မာလို ပြောပြပါ။

င။ မာလာ, ဂန္ဓ, ဝိလေပန ၃-ပုဒ်ကို ဓာရဏ, မဏ္ဍန, ဝိဘူသန ၃-ပုဒ်နှင့်တွဲ၍ မြန်မာလို ပြောပြပါ။

စ။ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ကို မြန်မာလို ပြောပြပါ။

ဆ။ ရှင်သာမဏေများသည် အဘယ်သိက္ခာပုဒ်ကြောင့် ရွှေ, ငွေ ပိုက်ဆံကို အလှူမခံကောင်းပါသနည်း။

ဇ။ ရှင်သာမဏေများသည် အဘယ်သိက္ခာပုဒ်ကြောင့် ပွဲမကြည့်ရ, မကရ, သီချင်းမဆိုရပါသနည်း။

ဈ။ ဥပဇ္ဈာယ်ယူပုံကို ပြပါ။